## မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရမည့်လုပ်ငန်းစဉ်များ

၁။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ဤပြည်နယ်ရုံးမှတစ်ဆင့် ဦးစီးဌာန၏ ထောက်ခံချက်ကို တောင်းခံရမည်။

(က) ထောက်ခံချက်တောင်းခံရာတွင် ပါဝင်ရမည့်အကြောင်းအချက်များမှာ-

(၁) သက်ဆိုင်ရာရပ်/ကျေး၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ၏ ထောက်ခံချက်

(၂) ဆောက်လုပ်ရမည့်အဆောက်အဦး၏ဒီးဇိုင်းပုံ

(၃) ဆောက်လုပ်ရမည့်အဆောက်အဦး၏တည်နယ်ရပြပုံကြမ်း

(၄) ဆောက်လုပ်ရမည့်နေရာ၏မြေယာပိုင်ဆိုင်မှု
(စည်ပင်၊ အိုး/အိမ်၊ရထား၊ဆောက်လုပ်ရေး၊ထွေ/အုပ်---)
အထောက်အထားတို့ဖြစ်ပါသည်။

## ၂။ ပြည်နယ်ရုံးမှ စိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

(က) ဤပြည်နယ်ရုံးသို့ တင်ပြလာသော အချက်အလက်များပြည့်စုံမှုရှိ/မရှိစိစစ်၍ အမှုတွဲဖွင့်လှစ်ပြီး ဤပြည်နယ်ရုံးမှ အဆောက်အအုံဆောက်လုပ်မည့် မြေနေအားကွင်းဆင်းပြီး ရေကြောင်းလွတ်ကင်းမှု ရှိ/မရှိ၊ ကမ်းပြိုကမ်းစား ရှိ/ မရှိနှင့် မြစ်ကြမ်းအနေအထားစသည့် အခြေအနေအား စစ်ဆေးကြည့်ရှု တိုင်းတာရပါသည်။

(ခ) လိုအပ်သော ရေလမ်းမြေပုံထုတ်၍ ဤပြည်နယ်ရုံးမှ ကွင်းဆင်းတွေ့ရှိသည့် မှတ်ချက်နှင့်အတူ ဤဦးစီးဌာန(ရုံးချုပ်)သို့ တင်ပြဆောင်ရွက်ပြီး ရုံးချုပ်၏ သဘောထားမှတ်ချက်အား ရယူဆောင်ရွက်ရပါသည်။

(ဂ) ရုံးချုပ်၏သဘောထားမှတ်ချက်ရရှိမှသာ ဤပြည်နယ်ရုံးအနေဖြင့် သက်ဆိုင်ရာ အစိုးရဌာန (သို့မဟုတ်) အဖွဲ့အစည်းသို့ သဘောထားမှတ်ချက် ပြန်ကြားပေးသွားမည်ဖြစ်ပါသည်။

## ၃။ ဦးစီးဌာန(ရုံးချုပ်)မှစိစစ်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ

(က) ဤဦးစီးဌာန(ရုံးချုပ်)သည် ထောက်ခံချက် တောင်းခံလာခြင်းအပေါ် ပြည်နယ်ရုံးမှ တင်ပြလာသော ကွင်းဆင်းစစ်ဆေးချက်များအား စိစစ်ပြီး အောက်ပါအကြောင်းအချက်များနှင့် ညီညွတ်ပါက မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အဦးဆောက်လုပ်ရန် ထောက်ခံချက်ပေးပါသည်။

(၁) ကမ်းပါးပြိုနိုင်မှု မရှိခြင်း၊

(၂) နုံးထိုင်၍ သောင်ထွန်းပြီး ရေကြောင်းပြောင်းလဲနိုင်မှုနှင့် တစ်ဖက် ကမ်းကို ထိခိုက်နိုင်မှုမရှိခြင်း၊

(၃) ရေယာဉ်များ ခုတ်မောင်းမှုကို အနှောင့်အယှက်အဟန့်အတား ဖြစ်နိုင်မှု မရှိခြင်း၊

(၄) ရေကြောင်းအန္တရာယ် ဖြစ်နိုင်မှုမရှိခြင်း၊

(၅) သဘာဝပတ်ဝန်းကျင် ထိုခိုက်နိုင်မှုမရှိခြင်းတို့ဖြစ်ပါသည်။

## ၄။ ကြီးကြပ်မှုအပိုင်း

မြစ်ချောင်းနယ်၊ ကမ်းပါနယ်နှင့် ကမ်းနားနယ်အတွင်း အဆောက်အဦးဆောက်လုပ်ခြင်းအား ဤပြည်နယ်ရုံးမှ သဘောထားမှတ်ချက်ပါ အချက်များလိုက်နာဆောင်ရွက်မှုအား အနီးကပ်စောင့်ကြည့် စစ်ဆေးသွားမည်ဖြစ်သည်။ ရေအရင်း အမြစ်နှင့် မြစ်ချောင်းများ၊ ရလမ်းကြောင်းများ မထိခိုက်စေရေးအတွက် ဤဦးစီးဌာန၏ ထောက်ခံချက်ရရှိမှသာ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့သည် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့်ကမ်းနားနယ်အတွင်း အဆောက်အဦး ဆောက်လုပ်ခြင်းအား မိမိတို့၏ လုပ်ပိုင်ခွင့် အရခွင့်ပြုနိုင်သောကိစ္စများကို ခွင့်ပြုရမည်ဖြစ်ပါသည်။